ငါကိုယ်တော် သင်တို့အား သင်တို့၏ အကောင်းဆုံးသောအမလ်၊သင်တို့အား စိုးပိုင် တော်မူသော အရှင်မြတ်၏ထံတော်၌အသန့်ရှင်းဆုံးအမလ်၊ သင်တို့၏အဆင့်အတန်းများကို

အမြင့်ဆုံးသို့ မြှင့်တင်ပေးနိုင်ကာ

အဗူဒရ်ဒါအ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်။ ငါကိုယ်တော်
သင်တို့အား သင်တို့၏ အကောင်းဆုံးသောအမလ်၊ သင်တို့အား စိုးပိုင် တော်မူသော
အရှင်မြတ်၏ထံတော်၌ အသန့်ရှင်းဆုံးအမလ်၊ သင်တို့၏အဆင့်အတန်းများကို
အမြင့်ဆုံးသို့ မြှင့်တင်ပေးနိုင်ကာ၊ ရွှေငွေများ လှူဒါန်းခြင်းထက်လည်း
သာလွန်ကောင်းမြတ်ပြီး ( ဂျိဟာဒ်စစ်ပွဲတွင် )ရန်သူတို့နှင့် ရင်ဆိုင်ရသည့်အခါ
သင်တို့က သူတို့၏လည်ပင်းများကို ခုတ်လှခြင်း (သို့) သူတို့က
သင်တို့၏လည်ပင်းများကို ခုတ်လှဲခြင်းထက်ပင် သာလွန်ကောင်းမြတ်သော အမလ်တစ်ခုကို
အသိ ပေးမတင်ပြရဘူးလား။" ထိုအခါ စွဟာဗဟ်များက " အမှန်ပင် တင်ပြမိန့်ကြားပါ" ဟု
လျှောက်ထားကြ၏။ ထိုအခါ တမန်တော်မြတ်( ဆွလ္လလ္လာဟု အလိုင်ဟိဝစ္စလမ် )က
မိန့်ကြားတော်မူသည်မှာ "ထို အရာသည် အလ္လာဟ်အရှင်မြတ်အား သတိရတသခြင်းပင်ဖြစ်သည်။ [صحيح] [رواه الترمذي وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိမိ၏တပည့်သားစွဟာဗဟ်များအားမေးမြန်းတော်မူခဲ့သည်- သင်တို့၏ အမလ်များအနက် အရာခပ်သိမ်းကို စိုးပိုင်တော်မူသောအလ္လာဟ်အရှင်မြတ်ထံတော်၌ အမြတ်ဆုံး၊ အမြင့်မြတ်ဆုံး၊ တိုးပွါးမှုအရှိဆုံး၊အစင်ကြယ်ဆုံးနှင့် အသန့်ရှင်းဆုံးဖြစ်သည့် ထို့ပြင် ဂျန္နတ်သုခဘုံရှိ အသင်တို့၏နေထိုင်ရာများတွင် အမြင့်မြတ်ဆုံးသော အဆင့်အတန်းလည်း ဖြစ်သည့် ရွှေငွေများလှူဒါန်းခြင်းထက်လည်း အသင်တို့အတွက် ပိုမိုကောင်းမြတ်သည့် ကာဖိရ်များနှင့် တွေ့ဆုံ၍သင်တို့က သူတို့၏လည်ပင်းများကို ခုတ်လှဲပြီး သူတို့က သင်တို့၏လည်ပင်းများကိုခုတ်လှဲကြသည့် (ဂျီဟာဒ် ပြုခြင်း) ထက်လည်း အသင်တို့အတွက် ပိုမိုကောင်းမြတ်သည့်အမလ်ကို ငါကိုယ်တော် သင်တို့အား ပြောပြ၊ သင်ကြားပေးရမည်လား။ စွဟာဗဟ်များက "ဟုတ်ကဲ့၊ကျွန်‌တော်မျိုးတို့ လိုလားပါသည်" ဟု လျှောက်ထားကြသည်။ ထိုအခါ တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) က မိန့်ကြားတော်မူသည်- "အချိန်တိုင်းနှင့်အခြေအနေအားလုံးတွင်အလ္လာဟ်အရှင်မြတ်အားသတိရတသခြင်း" ဖြစ်သည်။

https://sunnah.global/hadeeth/my/show/3575


النجاة الخيرية
ALNAJAT CHARITY


لجنة الدعوة الإلكترونية
EDC
E-Da'wah Committee